緬甸中華總商會
မြန်မာနိုင်ငံတရုတ်ကုန်သည်များအသင်းချုပ်
MYANMAR CHINESE CHAMBER OF COMMERCE

仰光大金塔路門牌一至五號
Tel (電話): 01-8246076, 01-8371549
09-884875669

No.1-5, ShweDagon Pagoda Road, Yangon, Myanmar.
E-mail (郵箱): mccoc5@gmail.com
Website (網站) : www.mccoc.com.mm

**မြန်မာနိုင်ငံတရုတ်ကုန်သည်များအသင်းချုပ်၏ ဦးဆောင်မှုဖြင့်**
**ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံခြင်းနှင့်စပ်လျဉ်း၍ အမည်စာရင်းပေးသွင်းပြီးသူများ**
**လိုက်နာဆောင်ရွက်ရမည့်အချက်များအား အသိပေးအကြောင်းကြားခြင်း**

ရက်စွဲ။ ။၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၃ ရက် (Rev: 1)

၁။ ရန်ကုန်တိုင်းဒေသကြီးတွင် မြန်မာနိုင်ငံတရုတ်ကုန်သည်များအသင်းချုပ်(MCCOC)၏ အစီအစဉ်နှင့် ကျန်းမာရေးဝန်ကြီးဌာန၏လမ်းညွှန်မှုဖြင့် ကာကွယ်ဆေးထိုးနှံရေးစင်တာများတွင် ကာကွယ်ဆေးထိုးနှံလိုသည့်အသင်းအဖွဲ့များ၊ ကုမ္ပဏီများ၊ လူပုဂ္ဂိုလ်များ ၂ ကြိမ်ထိုးနှံရန်အတွက် ဝန်ဆောင်ခအပါအဝင် တစ်ဦးလျှင်ငွေကျပ်ငါးသောင်း (ကျပ်၅၀,၀၀၀) သတ်မှတ်ပြီး ၎င်း အုပ်စုအား အုပ်စု (A) အဖြစ် သတ်မှတ်ပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီးအတွင်း မိမိအစီအစဉ်ဖြင့် ကာကွယ်ဆေးထိုးနှံခြင်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှခွင့်ပြု/ကြီးကြပ်မှုဖြင့် ကိုဗစ် - ၁၉ ကာကွယ်ဆေး ထိုးနှံခွင့်ရရှိထားသော အစိုးရဆေးရုံများ၊ ပုဂ္ဂလိကဆေးရုံများနှင့် အခြားသတ်မှတ်နေရာ၌ ထိုးနှံခွင့်ပြုမည်။ ကာကွယ်ဆေး ၂ ကြိမ်ထိုးနှံခြင်းအတွက် တစ်ဦးလျှင် ငွေကျပ်လေးသောင်း (ကျပ်၄၀,၀၀၀) သတ်မှတ်ပြီး ၎င်းအုပ်စုအား အုပ်စု (B) အဖြစ် သတ်မှတ်ပါသည်။

**(ကာကွယ်ဆေးထိုးနှံခွင့်ရရှိထားသည့် ပုဂ္ဂလိကဆေးရုံများအနေဖြင့် ဆေးထိုးနှံပေးခြင်းဝန်ဆောင်ခအား တစ်ဦးလျှင် ငွေကျပ်နှစ်သောင်း (ကျပ်၂၀,၀၀၀) ထက်မပိုသောတန်ဖိုးငွေကိုသာ ကောက်ခံရန်သတ်မှတ်ပါသည်)**

၃။ အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်များမှ မိမိအစီအစဉ်ဖြင့် ကာကွယ်ဆေးထိုးနှံမည့် အုပ်စုကို အုပ်စု(C) အဖြစ်သတ်မှတ်ပါသည်။ ၎င်းအုပ်စု၏ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းကော်မတီအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ ကာကွယ်ဆေးထုတ်ယူနိုင်ရေးအတွက် AA Medical Product Limited ၏ ကူညီဆောင်ရွက်မှုနှင့် လိုအပ်သော အအေးပမာဏအတိုင်းအတာ၊ ထားသိုခြင်းနည်းပညာများအား မိမိအစီအစဉ်၊ မိမိစရိတ်ဖြင့်သာ သယ်ယူပို့ဆောင်ခြင်းပြုလုပ်ရန် ဆုံးဖြတ်ပါသည်။ ကာကွယ်ဆေးထိုးနှံရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ပေးထားသည့်ပုဂ္ဂိုလ်များ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ဆောင်ရွက်သွားရမည် ဖြစ်သည်။ ကာကွယ်ဆေး ၂ ကြိမ်ထိုးနှံရန်အတွက် တစ်ဦးလျှင် ငွေကျပ်လေးသောင်း (ကျပ် ၄၀,၀၀၀)အဖြစ် သတ်မှတ်ပါသည်။။

仰光大金塔路門牌一至五號
Tel (電話) : 01-8246076, 01-8371549
09-884875669
No.1-5, ShweDagon Pagoda Road, Yangon, Myanmar.
E-mail (郵箱): mccoc5@gmail.com
Website (網站) : www.mccoc.com.mm

**(မိမိအစီအစဉ်ဖြင့် ကာကွယ်ဆေးထိုးနှံခွင့်ရရှိထားသည့် အသင်းအဖွဲ့များအနေဖြင့် ဆေးထိုးနှံပေးခြင်း ဝန်ဆောင်ခအား တစ်ဦးလျှင် ငွေကျပ်နှစ်သောင်း (ကျပ်၂၀,၀၀၀) ထက်မပိုသောတန်ဖိုးငွေကိုသာ ကောက်ခံရန် သတ်မှတ်ပါသည်)**

၄။ အသင်းအဖွဲ့များ၊ ကုမ္ပဏီများ၊ လူပုဂ္ဂိုလ်တစ်ဦးချင်းစီမှ ကာကွယ်ဆေးထိုးနှံလိုသည့် လူဦးရေအရေအတွက်အလိုက် ကျသင့်ငွေတန်ဖိုးအား အောက်ဖော်ပြပါ (မြန်မာနိုင်ငံတရုတ်ကုန်သည်များအသင်းချုပ်၏ အထူးဘဏ်စာရင်း(ငွေသားထုတ်ယူနိုင်သည့် ဘဏ်စာရင်း)မှ ဖြစ်စေ၊ ငွေသားဖြင့်ဖြစ်စေ တစ်ကြိမ်တည်း အပြီးသတ်ပေးသွင်းရပါမည်။
(မှတ်ချက် ။ ။ ကာကွယ်ဆေးထိုးနှံလိုသည့် လူဦးရေအရေအတွက်သည် အသင်းချုပ်တွင် မူလက ပေးသွင်းထားသောအမည်စာရင်းတွင်ပါရှိသည့် အရေအတွက်ထက်မပိုစေရ။ ဆေးထိုးနှံမည့်သူများသည် မိမိစာရင်းပေးသွင်းထားသော သက်ဆိုင်ရာအသင်းအဖွဲ့ (သို့မဟုတ်) ကုမ္ပဏီသို့ ငွေပေးသွင်းရမည်ဖြစ်ပြီး မြန်မာနိုင်ငံတရုတ်ကုန်သည်များအသင်းချုပ် အနေဖြင့် ၎င်းအသင်းအဖွဲ့ သို့မဟုတ် ကုမ္ပဏီများမှ ပေးသွင်းသောငွေကိုသာ လက်ခံပေးမည်။)

**KBZ Bank**

Account Name: Myanmar Chinese Chamber of Commerce

Account No. 20651320602303101

Account Type: Operating Account

**Shwe Bank**

Account Name: Myanmar Chinese Chamber of Commerce

Account No. 23010020020133680019

Account Type: Corporate Account

**MAB Bank**

Account Name: Chinese Chamber of Commerce (Yangon)

Account No. 0030195003013135050

Account Type: Better Account

仰光大金塔路門牌一至五號
Tel (電話) : 01-8246076, 01-8371549
09-884875669
No.1-5, ShweDagon Pagoda Road, Yangon, Myanmar.
E-mail (郵箱): mccoc5@gmail.com
Website (網站) : www.mccoc.com.mm

အထက်ဖော်ပြပါ ဘဏ်စာရင်းတွင် **၁၁.၀၈.၂၀၂၁**(ဗုဒ္ဓဟူးနေ့)ထက်နောက်မကျစေပဲ Website: vrs2021.registrationsystem.org သို့ ဝင်ရောက်၍ Payment Information အား ထည့်သွင်းရန် မေတ္တာရပ်ခံအပ်ပါသည်။ ၎င်း System အသုံးပြုပုံ (User Manual) အား ပြန်လည်ပေးပို့ပေးမည် ဖြစ်ပါသည်။

၎င်းစနစ်ကို အသုံးပြုရန်အတွက် အသင်းအဖွဲ့များ၊ ကုမ္ပဏီများနှင့် အဖွဲ့အစည်းများမှ တာဝန်ခံ E-mail Address အား မြန်မာနိုင်ငံတရုတ်ကုန်သည်များအသင်းချုပ်သို့ ပေးပို့ရပါမည်။ ထို E-mail Address ကို အသုံးပြု၍ System အား ဝင်ရောက်ရမည် ဖြစ်ပါသည်။ User Manual နှင့် Excel Template များကို System အတွင်းသို့ ဝင်ရောက်၍ Download ရယူနိုင်ပါသည်။

**အုပ်စု (A) အမည်စာရင်းသွင်းရမည့် ပုံစံ (Pre-registration)**

- ငွေဝင်ကြောင်း မြန်မာနိုင်ငံတရုတ်ကုန်သည်များအသင်းချုပ်မှ အတည်ပြုပြီးနောက် သက်ဆိုင်ရာ အသင်း အဖွဲ့ သို့မဟုတ် ကုမ္ပဏီမှ ကာကွယ်ဆေးထိုးမည့်သူများအားလုံး၏ အချက်အလက် Excel file အား ၁၁-၈-၂၀၂၁ နေ့တွင် (၅၀%) ထက်မနည်းသည့် အရေအတွက်အားလည်းကောင်း၊ ကျန်လူဦးရေ၏ အချက် အလက် Excel File အား ၂၀-၈-၂၀၂၁ နေ့ထက် နောက်မကျဘဲ အပြီးသတ်စာရင်းသွင်းရမည်ဖြစ်ပါသည်။
- ထို့မှတဆင့် သက်ဆိုင်ရာအသင်းအဖွဲ့ သို့မဟုတ် ကုမ္ပဏီများမှ Website: vrs2021.registration system.org သို့ဝင်ရောက်၍ ကာကွယ်ဆေးထိုးမည့်သူ တစ်ဦးချင်းအတွက် COVID-19 Vaccination Record Card များအား အသင်းချုပ်မှထုတ်ပေးသည့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန Logo ပါ A5 စက္ကူစာရွက်နှင့် Black & White Printer ဖြင့် Print Out ထုတ်ယူနိုင်သည်။
  (ကျန်းမာရေးဝန်ကြီးဌာန Logo ပါ A5 စက္ကူစာရွက်များအား စာရင်းပေးသွင်းထားသည့် လူဦးရေအရေအတွက်၏ ၅% ထက်ပို၍ အပိုဆောင်းထုတ်ပေးထားပါမည်။)
- ဆေးထိုးမည့်သူများသည် ဆေးထိုးသောအခါ ၎င်း COVID-19 Vaccination Record Card များအား ကိုယ်နှင့် တပါတည်း ယူဆောင်လာရမည်။

**အုပ်စု (B) အမည်စာရင်းသွင်းရမည့်ပုံစံ (Pre-registration)**

- ငွေဝင်ကြောင်း မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်မှ အတည်ပြုပြီးနောက် သက်ဆိုင်ရာ အသင်းအဖွဲ့ သို့မဟုတ် ကုမ္ပဏီမှ ကာကွယ်ဆေးထိုးမည့်သူများအားလုံး၏ အချက်အလက် Excel file အား ၁၁-၈-၂၀၂၁ နေ့တွင် (၅၀%) ထက်မနည်းသည့် အရေအတွက်အားလည်းကောင်း၊ ကျန်လူဦးရေ၏ အချက် အလက် Excel File အား ၁၁-၁၀-၂၀၂၁ နေ့ထက် နောက်မကျပဲ စာရင်းသွင်းရမည်ဖြစ်ပါသည်။

(အမည်စာရင်းဖြည့်သွင်းထားသည့် အရေအတွက်ထက်ပို၍ ကာကွယ်ဆေးအား ထုတ်ပေးမည်မဟုတ်ပါ။)

- ထို့မှတဆင့် သက်ဆိုင်ရာအသင်းအဖွဲ့ သို့မဟုတ် ကုမ္ပဏီများမှ Website: vrs2021.registration system.org သို့ဝင်ရောက်၍ ကာကွယ်ဆေးထိုးမည့်သူ တစ်ဦးချင်းအတွက် COVID-19 Vaccination Record Card များအား အသင်းချုပ်မှထုတ်ပေးသည့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန Logo ပါ A5 စက္ကူစာရွက်နှင့် Black & White Printer ဖြင့် Print Out ထုတ်ယူနိုင်သည်။
  (ကျန်းမာရေးဝန်ကြီးဌာန Logo ပါ A5 စက္ကူစာရွက်များအား စာရင်းပေးသွင်းထားသည့် လူဦးရေအရေအတွက်၏ ၅% ထက်ပို၍ အပိုဆောင်းထုတ်ပေးထားပါမည်။)
- ဆေးထိုးမည့်သူများသည် ဆေးထိုးသောအခါ ၎င်း COVID-19 Vaccination Record Card များအား ကိုယ်နှင့် တပါတည်း ယူဆောင်လာရမည်။

## အုပ်စု (C) အမည်စာရင်းသွင်းရမည့်ပုံစံ

## (Pre-registration သို့မဟုတ် Post-registration တစ်မျိုးမျိုး ရွေးနိုင်သည်။)

Pre-registration

- ငွေဝင်ကြောင်း မြန်မာနိုင်ငံ တရုတ်ကုန်သည်များ အသင်းချုပ်မှ အတည်ပြုပြီးနောက် သက်ဆိုင်ရာ အသင်းအဖွဲ့ သို့မဟုတ် ကုမ္ပဏီမှ ဆေးထိုးမည့်သူများ၏ အမည်နှင့် ကိုယ်ရေးအချက်အလက်များအား (၃) လ အတွင်း (၃) ကြိမ်ခွဲ၍ ပေးသွင်းနိုင်သည်။ (ဥပမာ - အယောက် (၅,၀၀၀) ရှိပါက (၈၀၀) တစ်တစ်ကြိမ်၊ (၃,၀၀၀) တစ်ကြိမ်၊ (၁,၂၀၀) တစ်ကြိမ် ထည့်သွင်းနိုင်ပါသည်)။
- ထို့မှတဆင့် သက်ဆိုင်ရာအသင်းအဖွဲ့ သို့မဟုတ် ကုမ္ပဏီများမှ Website: vrs2021.registration system.org သို့ဝင်ရောက်၍ ကာကွယ်ဆေးထိုးမည့်သူ တစ်ဦးချင်းအတွက် COVID-19 Vaccination Record Card များအား အသင်းချုပ်မှထုတ်ပေးသည့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန Logo ပါ A5 စက္ကူစာရွက်နှင့် Black & White Printer ဖြင့် Print Out ထုတ်ယူနိုင်ပါသည်။
  (ကျန်းမာရေးဝန်ကြီးဌာန Logo ပါ A5 စက္ကူစာရွက်များအား စာရင်းပေးသွင်းထားသည့် လူဦးရေအရေအတွက်၏ ၅% ထက်ပို၍ အပိုဆောင်းထုတ်ပေးထားပါမည်။)
- ဆေးထိုးမည့်သူများသည် ဆေးထိုးသောအခါ ၎င်း COVID-19 Vaccination Record Card များအား ကိုယ်နှင့် တပါတည်း ယူဆောင်လာရမည်။

Post-registration

仰光大金塔路門牌一至五號
No.1-5, ShweDagon Pagoda Road, Yangon, Myanmar.
Tel (電話) : 01-8246076, 01-8371549
09-884875669
E-mail (郵箱): mccoc5@gmail.com
Website (網站) : www.mccoc.com.mm

- ငွေဝင်ကြောင်း မြန်မာနိုင်ငံ တရုတ်ကုန်သည်များ အသင်းချုပ်မှ အတည်ပြုပြီးနောက် သက်ဆိုင်ရာ အသင်းအဖွဲ့ သို့မဟုတ် ကုမ္ပဏီများမှ ကိုယ်ရေးအချက်အလက် မပါသော COVID-19 Vaccination Record Card (PDF File) များအား Download လုပ်၍ မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်မှ ငွေပေးသွင်း ထားသော လူဦးရေအပေါ် အခြေခံ၍ ထုတ်ပေးထားသော COVID-19 Vaccination Record Card အလွတ်များပေါ်တွင် မိမိအစီအစဉ်ဖြင့် Print ထုတ်ပေးပြီး ကာကွယ်ဆေးထိုးမည့်သူ တစ်ဦးချင်းစီအား ဝေပေးရမည်။
- ဆေးထိုးမည့်သူများသည် ၎င်း COVID-19 Vaccination Record Card များပေါ်တွင် မိမိကိုယ်ရေး အချက်အလက်များအား လက်ရေးဖြင့် ဖြည့်စွက်ပြီး ကာကွယ်ဆေးထိုးနှံမိုက်အချိန်တွင် ကိုယ်နှင့် တပါတည်းယူဆောင်လာရမည်။
- ကာကွယ်ဆေး ထိုးနှံပြီးသည့်နောက် သက်ဆိုင်ရာအသင်းအဖွဲ့ သို့မဟုတ် ကုမ္ပဏီများမှ အထက်ဖော်ပြပါ Website သို့ဝင်ရောက်၍ အမည်စာရင်း Excel File အား ဖြည့်သွင်းရမည်။

၅။ ကာကွယ်ဆေးထိုးနှံသူများသည် အသက်(၁၈)နှစ်ပြည့်မြောက်ပြီးသူဖြစ်ရမည်။ မိမိသဘောဆန္ဒ အလျောက် ထိုးနှံခြင်းဖြစ်သည့်အတွက် ဖြစ်ပေါ်လာသော နောက်ဆက်တွဲအကျိုးဆက်များသည် မိမိကိုယ်တိုင်၏ တာဝန်သာဖြစ်ကြောင်း ပူးတွဲပါကိုယ်တိုင်ခံဝန်ချက်တွင် လက်မှတ်ရေးထိုးရပါမည်။

၆။ မိမိအစီအစဉ်ဖြင့် ကာကွယ်ဆေးထိုးနှံမည့် ပုဂ္ဂလိကဆေးရုံများ၊ ကုမ္ပဏီများ၊ အဖွဲ့အစည်းများသည် မိမိကိုယ်ကျိုးစီးပွားအဖြစ် တဆင့်ပြန်လည်ရောင်းချခြင်း ပြုလုပ်မည်မဟုတ်ကြောင်း ပူးတွဲပါခံဝန်ချက်တွင် လက်မှတ်ရေးထိုးရပါမည်။

၇။ မှတ်ပုံတင်မရှိသူများ (သို့မဟုတ်) ပျောက်ဆုံးနေသူများသည် မိမိမည်သူ၊ မည်ဝါဖြစ်ကြောင်း သက်သေ အထောက်အထား (ဥပမာ- သန်းခေါင်စာရင်း၊ ယာဉ်မောင်းလိုင်စင်၊ ကျောင်းသားကတ်၊ သက်ဆိုင်ရာဌာန (ရပ်ကွက်သို့ ကျေးရွာအုပ်စု သို့ ရဲစခန်း)မှ တရားဝင်ထုတ်ပေးထားသော ထောက်ခံစာစသည်)ကို ပြသနိုင်မှသာ လျှင် ကာကွယ်ဆေးထိုးနှံခြင်းဆောင်ရွက်ပေးမည်ဖြစ်သည်။

၈။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အကြံပြုချက်အရ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသူများနှင့် ကိုဗစ် - ၁၉ ရောဂါ ဖြစ်ပွားပြီး သက်သာပျောက်ကင်းလာသူများ (ရောဂါကူးစက်ခံရပြီး ၆ လမပြည့်သေးသူများ)အနေဖြင့် ရောဂါကာကွယ်နိုင်သော ပဋိပစ္စည်းကိုယ်တွင်ဖြစ်ပေါ်နေပါ၍ ထိုပုဂ္ဂိုလ်များ ကာကွယ်ဆေး ထိုးရန်မလိုအပ်ပါ။

緬甸中華總商會
မြန်မာနိုင်ငံတရုတ်ကုန်သည်များအသင်းချုပ်
MYANMAR CHINESE CHAMBER OF COMMERCE

仰光大金塔路門牌一至五號
No.1-5, ShweDagon Pagoda Road, Yangon, Myanmar.
Tel (電話) : 01-8246076, 01-8371549
09-884875669
E-mail (郵箱): mccoc5@gmail.com
Website (網站) : www.mccoc.com.mm

၁၀။ အကြောင်းအမျိုးမျိုးကြောင့် ကာကွယ်ဆေးထိုးနှံရန် အဆင်မပြေသေးသော အရပ်ဒေသများအတွက် မြန်မာနိုင်ငံတရုတ်ကုန်သည်များအသင်းချုပ်မှ (၃) လတာအထိ အခကြေးငွေမယူပဲ ထိန်းသိမ်းထားပေးမည် ဖြစ်သည်။

၁၁။ ငွေပေးသွင်းပြီး အမည်စာရင်းပေးသွင်းထားသော်လည်း ကာကွယ်ဆေး လာရောက်ထိုးနှံခြင်းမရှိသူနှင့် ကာကွယ်ဆေး ၂ ကြိမ်ထိုးနှံရမည့်အနက် ၁ ကြိမ် လာရောက်ထိုးနှံပြီး ဒုတိယအကြိမ် လာရောက်ထိုးနှံခြင်း မရှိသူများ၊ ပထမအကြိမ် ကာကွယ်ဆေးထိုးပြီး ဒုတိယအကြိမ်ထိုးနှံရမည့်အချိန်တွင် ရက်ကျော်လွန်၍ ထိုးနှံခွင့်မရရှိခြင်း အတွက် အသင်းချုပ်မှငွေပြန်အမ်းမည်မဟုတ်ပါ။ သို့ဖြစ်ပါ၍ ထိုးနှံပေးရန်ကျန်ရှိသည့် ကာကွယ်ဆေးများကို ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ညှိနှိုင်း၍ဌာန၏ ညွှန်ကြားချက်အတိုင်း ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၁၀။ အုပ်စု **(A)** ကာကွယ်ဆေးထိုးနှံရမည့် ရက်စွဲနှင့်နေရာအား မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်မှ ပြန်လည် အသိပေးအကြောင်းကြားမည် ဖြစ်ပါသည်။ အုပ်စု **(B)** အတွက် သက်ဆိုင်ရာ အသင်းအဖွဲ့၊ ကုမ္ပဏီ သို့မဟုတ် ပုဂ္ဂလိကဆေးရုံမှ ဆက်သွယ် အကြောင်းကြားပေးမည်ဖြစ်ပါသည်။ အုပ်စု **(C)** အတွက် သက်ဆိုင်ရာ ဒေသ ကော်မတီမှတဆင့် အသိပေး အကြောင်းကြားမည်ဖြစ်ပါသည်။

၁၁။ ကာကွယ်ဆေးများ ထုတ်ယူသည့်အခါ ဆေးထိုးအပ် Syringe အား တစ်ပါတည်း ပူးတွဲထုတ်ပေး မည်ဖြစ်ပါသည်။

၁၁။ ဆက်သွယ်ရန်ဖုန်းများ

IT System ဆိုင်ရာမေးခွန်းများ - Viber +959 422 999 104

အထွေထွေ မေးခွန်းများ - +959 442 714 428, +959 442 714 429, +959 442 714 430

မြန်မာနိုင်ငံတရုတ်ကုန်သည်များအသင်းချုပ် (MCCOC)